# People's Defence Force (Kalay)

---

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဒီဇင်ဘာလ ၂၃ ရက်၊ ၂၀၂၁ ခုနှစ်

၁။ ယမန်နေ့ ဒီဇင်ဘာ ၂၂ ရက် နံနက် ၄ နာရီခွဲခန့်တွင် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် နတ်ချောင်းကျေးရွာအတွင်းသို့ ယာဉ်တန်းဖြင့်ဝင်ရောက်လာပြီး ကျေးရွာနေပြည်သူအချို့အား မတရားဖမ်းဆီးခဲ့ပါသည်။ ထို့နောက် နံနက် ၆ နာရီခန့်တွင် နတ်ချောင်းကျေးရွာမှ ပြန်ထွက်လာသော စစ်ကား ၂ စီးကို နတ်မြောင်းကျေးရွာအထွက်တွင် PDF (Kalay) တပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် နတ်ချောင်းကျေးရွာအတွင်း ဆက်လက်မွှေနှောက်ဖျက်စီးခဲ့ပြီး နေအိမ် ၂ လုံးကို မီးရှို့ထားခဲ့သော်လည်း ကျေးရွာနေပြည်သူများက အချိန်မှီ ငြိမ်းသတ်နိုင်ခဲ့ပါသည်။ စစ်ကောင်စီတပ်ဖွဲ့များသည် ကျေးရွာအတွင်းမှ အိမ်စီးကားငယ်များနှင့် ကုန်တင်ကားကြီးအချို့ကိုလည်း အဓမ္မသိမ်းယူသွားခဲ့ကြောင်းသိရပါသည်။ ထို့နောက် နေ့လည် ၁ နာရီခွဲခန့်တွင် နတ်ချောင်းကျေးရွာအတွင်း သိမ်းယူထားသည့် အရပ်သုံးကားအချို့ဖြင့် ကလေးမြို့ဘက်သို့ ပြန်ထွက်လာသော စစ်ကောင်စီယာဉ်တန်းကို နတ်မြောင်းကျေးရွာအကျော်တွင် PDF (Kalay) တပ်ဖွဲ့များက ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့ပါသည်။ ဒီဇင်ဘာ ၂၂ ရက်နေ့ မိုင်းခွဲတိုက်ခိုက်မှုများအတွင်း စစ်ကောင်စီတပ်ဖွဲ့များ၏ ထိခိုက်သေဆုံးမှုကို အတည်ပြုနိုင်ခြင်း မရှိသေးပါ။ နတ်ချောင်းကျေးရွာအတွင်း ဝင်ရောက်မတရားဖမ်းဆီး၊ မွှေနှောက်ဖျက်စီးပြီးနောက် အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များသည် နတ်ချောင်းကျေးရွာ အထက်တန်းကျောင်းတွင် ညနေပိုင်းမှစတင်၍ တပ်စွဲထားခဲ့ပါသည်။

၂။ ယနေ့ ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲအချိန်ခန့်မှစတင်၍ PDF (Kalay) ၊ CNDF နှင့် ရပ်ရွာ ပ.က.ဖ ပူးပေါင်းတပ်ဖွဲ့များက နတ်ချောင်းကျေးရွာ အထက်တန်းကျောင်းတွင် တပ်စွဲထားသော စစ်ကောင်စီတပ်ဖွဲ့များကို လေးဘက်လေးတန် ဝိုင်းဆို့၍ လက်နက်ကြီး၊ လက်နက်ငယ်များပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ နံနက် ၁၀ နာရီခွဲမှ နေ့လည် ၂ နာရီခွဲအချိန်ခန့်ထိ တောက်လျှောက်တိုက်ပွဲပြင်းထန်ခဲ့ပြီး ပူးပေါင်းတပ်ဖွဲ့များဘက်မှ စစ်ရေးအသာစီး အခြေအနေသို့ ရောက်ရှိလာချိန် နေ့လည် ၃ နာရီခန့်တွင် စစ်ကောင်စီဘက်မှ တိုက်ခိုက်ရေးရဟတ်ယာဉ် ၂ စီးဖြင့် လေကြောင်းပစ်ကူရောက်ရှိလာခဲ့ပြီး ဝေဟင်မှ လက်နက်ကြီးလက်နက်ငယ်များဖြင့် တရစပ်ပစ်ခတ်နေခဲ့သောကြောင့် ပူးပေါင်းတပ်ဖွဲ့များ

ပြန်လည်ဆုတ်ခွာခဲ့ပါသည်။ ယနေ့ နတ်ချောင်းကျေးရွာတိုက်ပွဲအတွင်း မင်းအောင်လှိုင်လက်ပါးစေ အကြမ်းဖက်စစ်သား အနည်းဆုံး ၁၆ ဦး သေဆုံးကြောင်းသိရပြီး ပူးပေါင်းတပ်ဖွဲ့များဘက်မှ ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ တစ်ချိန်တည်းတွင် ကလေးမြို့ဘက်မှ စစ်ကူအင်အားဖြည့်ရန် တောင်ပိုင်းသို့မောင်းနှင်လာသည့် အမြောက်လက်နက်ကြီးတင်ဆောင်ထားသော တွဲကားအပါအဝင် ကား ၈ စီးပါဝင်သောယာဉ်တန်းကို PDF (Kalay) တပ်ဖွဲ့များက ဇင်းကလင်းရွာအနီးတွင် မိုင်းများဆက်တိုက်ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ စစ်ကား ၃ စီး ထိမှန်စုတ်ပြတ်ပျက်စီးသွားပြီး မင်းအောင်လှိုင်လက်ပါးစေ အကြမ်းဖက်စစ်သား ၁၇ ဦး သေဆုံးသွားကြောင်း သိရပါသည်။

၃။ ကလေးမြို့နယ်တောင်ပိုင်းရှိ စစ်ရေးအနေအထားများအရ ကလေး-ဂန့်ဂေါလမ်းမကြီးတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခြင်း လုံးဝ (လုံးဝ) မပြုလုပ်ကြပါရန် သတိပေးအပ်ပါသည်။

PDF (KALAY)